# ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
# လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

၁။ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနအနေဖြင့် အစိုးရဌာနများ၊ ပုဂ္ဂလိကပြည်သူများ၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများသို့ သစ်ခွဲသားဖြန့်ဖြူးရောင်းချပေးပြီး ပြည်တွင်းဝင်ငွေရှာဖွေရသောဌာနဖြစ်ပါသည်။ သစ်ထုတ်ရေးဌာနမှ ပေးပို့သည့်သစ်လုံးများကို စနစ်တကျလက်ခံခွဲစိတ်၍ ညွှန်ကြားချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ပါသည်-

**(က) သစ်လုံးလက်ခံခြင်းအပိုင်း**

(၁) သစ်ထုတ်ရေးဌာနမှ သစ်လုံးများကို ပြည်တွင်းရောင်း/စက် သစ်စက်များသို့ ရေလမ်းမှ ဖောင်ဖြင့်လည်းကောင်း၊ ကုန်းလမ်းမှ မော်တော်ကား၊ မီးရထားတို့ဖြင့်လည်းကောင်း၊ သစ်စက်သို့ တိုက်ရိုက် (သို့မဟုတ်) သစ်ဆိပ် (သို့မဟုတ်) သစ်စက် အချင်းချင်းလွှဲပြောင်း ပေးအပ်လာပါက လက်ခံဆောင်ရွက်ရန်။

(၂) လွှဲအပ်သည့်သစ်လုံးများကို သစ်စက်ရှိသစ်လုံးတာဝန်ခံက စနစ်တကျတာဝန်ယူလက်ခံရန်။

(၃) သစ်လုံးလက်ခံရာတွင် သစ်လုံးချရမည့် သစ်ကွင်းနေရာကို ကြိုတင်ညှိနှိုင်းသတ်မှတ်ရန်။

(၄) ပေးပို့လာသောသစ်လုံးများတွင် ပါရှိရမည့်နံပါတ်တံဆိပ်များ ပါမပါစစ်ဆေးရန်။

(၅) ကားတိုက်ဖြတ်ပိုင်းတွင် ပါဝင်သော သစ်လုံးအရေအတွက်၊အမျိုးအစား၊သစ်အတိုင်းစာရင်းများအား စိစစ်ပြီး ဒေသခြားပါက မျှောစာအထောက်အထားများနှင့်လက်ခံဆောင်ရွက်ရန်။

(၆) စစ်ဆေးလက်ခံရာ၌ ပေရှည်တွင် ၁' အောက်နှင့် လုံးပတ်တွင်၂" အတွင်း ကွာခြားမှုရှိပါက ကုန်ပို့လွှာပါ စာရင်းအတိုင်းလက်ခံရန်၊

(၇) ပေးပို့လာသော သစ်လုံးအရေအတွက် အမျိုးအစား၊ အတိုင်းစာရင်းများ မှန်ကန်မှုရှိပါက ကုန်ပို့လွှာပါ စာရင်းအတိုင်းလက်ခံပြီး ကုန်ပို့လွှာတွင် လက်ခံရရှိကြောင်းလက်မှတ်ရေးထိုး၍ တစ်စောင်ကိုပေးပို့သူအား ပြန်ပေးရန်။

(၈) ခွဲစိတ်လျှင် လွတုံး၍ မခွဲရန် တားမြစ်ထားသောသစ်အမျိုးအစားများနှင့် မထုတ်သင့်သောသစ်အမျိုးအစားများကို အကြောင်းအမျိုးမျိုးကြောင့် လွှဲအပ်လက်ခံရပါက အထက်အဆင့်ဆင့်သို့ လိုအပ်သလို တင်ပြဆောင်ရွက်ရန်။

(၉) သစ်လုံးများကို လက်ခံပြီးပါက သစ်လုံးတွင် စက်ဝင်နံပါတ် ရိုက်နှိပ်မှတ်သားရန် ။

(၁၀) သစ်လုံးအဝင်မှတ်ပုံတင်စာအုပ်တွင် ပေးပို့သည့် ရက်စွဲ၊ သစ်ထုတ်ရေးဒေသ၊ သစ်ဆိပ်၊ သစ်စက်၊ စက်ဝင်နံပါတ် ပင်ထောင်နံပါတ်၊ အကောက်နံပါတ်၊ သစ်အမျိုးအစား၊ လုံးပတ်၊ ပေရှည်၊ ကုဗပေ တွက်ချက်ရေးသွင်းဆောင်ရွက်ရန်။

(၁၁) သစ်လုံးလက်ခံစာရင်းကို သစ်မျိုးအုပ်စုအလိုက် သီးခြားခွဲ၍ မှတ်ပုံတင်ထားရှိဆောင်ရွက်ရန် ။

**(ခ) <u>သစ်လုံးထားသိုခြင်းအပိုင်း</u>**

(၁) သစ်အမျိုးအစားအုပ်စုအလိုက် အလွယ်တကူခွဲစိတ်နိုင်ရန်နှင့် ဆွေးမြေ့လွယ်သော သစ်များကို ဦးစားပေးခွဲစိတ်နိုင်ရန်အတွက် သစ်ကွင်းနေရာကျယ်လျှင်ကျယ်သလို အုပ်စုအမျိုးအစားအလိုက် အတတ်နိုင်ဆုံးသီးခြားခွဲ၍ ထားသိုရန်။

(၂) သစ်လုံးများပျောက်ဆုံးမှု၊ မီးလောင်ဆုံးရှုံးမှုမရှိစေရန် မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးအစီအမံများဆောင်ရွက်ထားရှိပြီး ကြပ်မတ်ဆောင်ရွက်ရန်။

(၃) နေ့စဉ်ရောက်ရှိလာသော သစ်လုံးများကို လက်ခံပြီးနောက် သတ်မှတ်ထားသော နေ့စဉ် သစ်လုံးလက်ခံရရှိစာရင်း(သမ-၁-ဂ)တွင် အုပ်စုခွဲခြား၍ ရေးသွင်းထားရန်။

**(ဂ) <u>သစ်လုံးခွဲစိတ်ခြင်းအပိုင်း</u>**

(၁) သစ်လုံးနှင့်အတူကပ်၍ ရွှံ့၊သဲ၊ ခဲများ သံတိုသံစများပါတတ်သဖြင့် ခွဲစိတ်ရာတွင် လွှကို ပျက်စီးစေတတ်သောကြောင့် မခွဲစိတ်မီသစ်လုံးအား ရှင်းလင်းသန့်စင်အောင် ဆောင်ရွက်ရန်။

(၂) ခွဲစိတ်သစ်လုံးများကို အမျိုးအစားအလိုက်၊ အတိုင်းအတာစာရင်းများကို မှတ်ပုံတင် စာရင်းထားရှိဆောင်ရွက်ရန်။

(၃) တန်ဖိုးရှိခွဲသားများထွက်လာစေရန် အောက်ဖော်ပြပါ ရည်ရွယ်ချက်(၄)ချက်ထား၍ ဆောင်ရွက်ရန်-

(ကက)အပြစ်အနာအဆာကင်း၍ တန်ဘိုးအရှိဆုံးခွဲသားများထွက်ရှိစေရန်။

(ခခ) လိုအပ်သည့်ဒုဗျက်အရွယ်ကောင်း၊ အရွယ်မှန်နှင့် ပေရှည်များ ရရှိစေရန်။

(ဂဂ) ခွဲသားထွက်ရာခိုင်နှုန်းအများဆုံးရရှိ၍ အလေအလွင့်နည်းနိုင်သမျှနည်းပါး စေရန်။

(ဃဃ)သစ်တစ်တန်တိုက်ခွဲမှုအတွက် ကုန်ကျစရိတ်(cost per ton) အသက်သာဆုံး ဖြစ်စေရန်။

(၄) သစ်စက်ကို အဆင့်ဆင့်စီမံခန့်ခွဲသူများ၊ ကိုယ်တိုင်ခွဲစိတ်သူများနှင့် သစ်ခွဲစိတ်မှု လုပ်ငန်းတွင် တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်ပတ်သက်နေသူမှန်သမျှ အထက်ပါ ရည်ရွယ်ချက်(၄)ရပ်ကို မျက်ခြေမပြတ်ဆောင်ရွက်စေရန်။

(၅) တန်ဖိုးမြင့်သစ်ခွဲသားများရရှိရန်အတွက် သစ်လုံးများ၏ အခြေအနေပေါ် မူတည်၍ သစ်လုံးခွဲစိတ်ရာတွင် ခွဲစိတ်နည်း၊ နည်းလမ်း(၃)ခုဖြစ်သည့် Through And Through Sawing (သစ်လုံးကိုအများဆုံးတစ်ကြိမ်သာလှန်၍ ခွဲစိတ်နည်း)၊ Round And Round Sawing (အသားကောင်းရရှိရန် သစ်လုံးကို အပြန်ပြန် အလှန်လှန်လှည့်ပတ်၍ ခွဲစိတ်နည်း)၊ Mixed Sawing (အထက်ပါ နည်းနှစ်ခုကို ပေါင်းစပ်သုံးစွဲလျှက်ခွဲစိတ်နည်း)တို့ဖြင့် ခွဲစိတ်ပါက အနာလွတ် အသားကောင်းများ ရနိုင်သမျှရရှိအောင် ဆောင်ရွက်ရန် ။

(၆) ထွက်ရှိလာမည့်ခွဲသားများ ဒု၊ဗျက်၊အရွယ်အစား မှန်ကန်မှုရှိစေရေး ကြီးကြပ် ဆောင်ရွက်ရန် ။

**(ဃ) ထွက်ရှိခွဲသားများ ထားသိုခြင်း အပိုင်း**

(၁) ထွက်ရှိလာမည့်သစ်ခွဲသားများအား အပြစ်အနာအဆာအရည်အသွေးပေါ်မူတည်၍ ရောင်းတန်းဝင်ခွဲသားများကို သီးခြားစုပုံထားရန်။

(၂) သစ်ခွဲသားများ သိုလှောင်ရာတွင် ဂိုဒေါင်နေရာ အကျယ်အဝန်းပေါ် မူတည်ပြီး အမျိုးအစားအလိုက်၊ အရွယ်အစားအလိုက်၊ ပေရှည်အုပ်စုအလိုက် ခွဲခြား ထားသိုရန် နှင့် နေရာအခက်အခဲရှိပါက လူကြိုက်များသောသစ်မျိုးများကို သီးသန့် မဖြစ်မနေ ခွဲခြားထားရန်။

(၃) သစ်မျိုးအားလုံး သီးသန့်ထားရန် နေရာအခက်အခဲ မည်သို့ပင်ရှိစေကာမူ ဈေးနှုန်း မတူသော သစ်မျိုးများကို ရောနှောထားခြင်းမပြုရန်။

(၄) သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးနိုင်ရန်အတွက်သစ်ချောင်းများကို ထိပ်တစ်ဖက် ညီအောင်စုပုံထားရန်။

(၅) ဇလီဖားတုံးများ လေဝင်လေထွက်ရရှိစေရန်၊ သဘာဝအတိုင်း ခြောက်သွေ့စေရန် နှင့် မှိုမစွဲကပ်စေရန် အလွှာလိုက် ကန့်လန့်တန်းများခံ၍ စီထပ်ထားသိုရန်။

(၆) တန်ဘိုးကြီးသော ဒုကြီးဇျက်ကြီးသစ်ခွဲသားများမှာ ဂိုဒေါင်တွင်ထားရှိစဉ်၌ပင် ရာသီဥတုဒဏ်ကြောင့် ကွဲအက်ကာ တန်ဘိုးကျဆင်းမသွားစေရန် စနစ်တကျ ထိန်းသိမ်းထားရန်။

**(င) သစ်ခွဲသားဖြန့်ဖြူးရောင်းချခြင်းအပိုင်း**

(၁) ဒီအိုပါမစ်ပြုစုဆောင်ရွက်ခြင်း

(ကက) သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရောင်းချခွင့်ပြုသော သစ်ခွဲသားများကို အစိုးရဌာန၊ ပုဂ္ဂလိက၊ ပြည်သူ ဖွံ့ဖြိုးရေးဟူ၍ ခွဲခြားသတ်မှတ် ပြီးဝယ်ယူခွင့် ဒီအို/ပါမစ် များပြုစု ဆောင်ရွက်ရန်။

( ခခ) ဝယ်ယူခွင့်သစ်အမျိုးအစားလိုက် ပြည်နယ်/ တိုင်း/ဒေသသို့ စာဝင် ရက်စွဲ အစီအစဉ်အတိုင်း မှတ်တမ်းသွင်းဆောင်ရွက်ရန်။

( ဂဂ ) သစ်ခွဲသားဝယ်ယူခွင့်ရသူကိုယ်တိုင် (သို့မဟုတ်) တရားဝင် ကိုယ်စားလှယ်က လာရောက်ဆက်သွယ်သော နေ့ရက်အလိုက် မှတ်တမ်းရေးသွင်းပြီး ခွင့်ပြုချက် စာရွက်စာတမ်း၊ အထောက်အထားများနှင့် ကိုယ်စားလှယ်မှန်ကန်မှု ရှိ/မရှိ စစ်ဆေး အတည်ပြုပြီး ဒီအို/ပါမစ် ထုတ်ပေးခြင်း ဆောင်ရွက်ရန်။

(ဃဃ)သာမန်အားဖြင့် ခွင့်ပြုချက်အရ ရွေးချယ်ဝယ်ယူပြီး ကျန်ရှိသော သစ်ခွဲသား အတို/အသေး နှင့် ရွေးကျန်များအား အိတ်ဖွင့်လေလံ စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက်သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ပြန် ဆောင်ရွက်သွားရန်၊

(၂) <u>ပြည်နယ်/တိုင်း/ဒေသ/သစ်စက်များမှဆောင်ရွက်ခြင်း</u>

(ကက) ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန(ရုံးချုပ်)မှ ထပ်ဆင့်ဝယ်ယူ ခွင့်ပြု ပြီး ဖြစ်သော ဒီအိုပါမစ်များအား အဝင်မှတ်ပုံတင် ထားရှိပြီးသက်ဆိုင်ရာ ဒေသ၊ သစ်စက်များသို့ ဆက်လက်တာဝန်ချ ထားပေးရန် ။

(ခခ) သစ်ခွဲသားဝယ်ယူခွင့် (ဒီအို/ပါမစ်)အတုများ မပေါ်ပေါက်စေရန် အတွက် ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန(ရုံးချုပ်)သို့ ဝယ်ယူခွင့်များအား အတည်ပြုချက် တောင်းခံပြီးမှရောင်းချရန်။

(ဂဂ) သစ်ခွဲသားဝယ်ယူခွင့်ရသူက သစ်စက်သို့ သတင်းပို့သည့်ရက်စွဲ အလိုက် မှတ်တမ်းရေးသွင်း၍ သစ်ဝယ်ခွင့်ရအမှတ်စဉ် (serial no) သတ်မှတ်ပေးပြီး သစ်ခွဲသားရရှိနိုင်မည့် ခန့်မှန်းနေ့ရက်ကို ချိန်းဆို ရောင်းချပေးရန်။

(ဃဃ) အမှတ်စဉ်အလိုက် စနစ်တကျ ရောင်းချခြင်းရှိ/မရှိကို ဒေသမန်နေဂျာ နှင့် ရောင်း/စက်မှူး တို့က ကြီးကြပ်ရန်။

(ငင) အစိုးရဌာနများသို့ ရောင်းချရာတွင် တန်ပမာဏ အနည်းအများ အပေါ် မူတည်၍ မျှတစွာ ခွဲဝေသတ်မှတ်ရောင်းချပေးရန်။

(စစ) အစိုးရဌာနများသို့မျဉ်းသားချက်ဖြင့်သာရောင်းချရန်နှင့်သီးခြားခွင့်ပြုချက်ရှိပါက ငွေသားဖြင့်ရောင်းချပေးရန်။

(ဆဆ) ပုဂ္ဂလိကပြည်သူနှင့်ဖွံ့ဖြိုးရေးများရောင်းချရာတွင်လက်ငင်းငွေချေစနစ်ဖြင့်ရောင်းချရန်၊ ရောင်းရငွေများကို နေ့ချုပ် (AF-33) ပုံစံဖြင့် နေ့ချုပ်ဆောင်ရွက်ပြီး မြန်မာ့စီးပွါးရေးဘဏ်သို့ နေ့စဉ်မပျက်မကွက်ပေးသွင်းရန်။ သောကြာနေ့ (သို့) နောက်တစ်နေ့ရုံးပိတ်ရက် မတိုင်မီ ရက်တွင် ဘဏ်သို့ ငွေပေးသွင်း၍ မမီပါက ရုံးပြန်ဖွင့်ရက် ချက်ခြင်း ပေးသွင်းရန်။

(ဇဇ) သစ်ခွဲသားများကိုရောင်းချရာတွင် သစ်အမျိုးအစား၊ ပေရှည်အုပ်စုအလိုက် သတ်မှတ် စျေးနှုန်း မှန်ကန်မှုရှိစေရန်အတွက် သေချာစွာ တွက်ချက်တောင်းခံရန်။

(ဈဈ) သစ်ခွဲသားများတိုင်းတာရာတွင် ၆" နှင့် အထက်ကို ၁' တိုးယူရန်။

(ညည) တိုင်းတာပြီးသော သစ်ခွဲသားများ ပြေစာရေးရာတွင် မူရင်းပြေစာအား Double Carbon / ကာဗွန်နှစ်ဘက်ခံ၍ မူရင်းအား ပစ္စည်းဝယ်ယူသူသို့ ပေးရန်၊ ပထမမိတ္တူကို ဒေသမန်နေဂျာရုံး၊ ဒုတိယမိတ္တူကို စက်/ဆိုင်တွင် လက်ခံထားရှိရန်နှင့် တတိယ မိတ္တူကို စာအုပ်တွင်ပင် ထားရှိရန်။

(ဋဋ) ငွေပေးသွင်းပြီး၍ ပြေစာဖွင့်ပြီးသော သစ်ခွဲသားများကို ထုတ်ပေးရာတွင် တာဝန်ရှိသူများ၏ ခွင့်ပြုချက် (Gate Pass) ဖြင့် ထုတ်ပေး၍ မှတ်ပုံတင်ထားရှိရန်။

(၄၄) ဒီအိုပါမစ်များ သက်တမ်းတိုးရန် ကိစ္စနှင့်ပတ်သက်၍ မှာ၊ ပေး၊ ကျန် ထောက်ခံချက် ထုတ်ပြန်ခြင်းအား အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန်-

(၁) ဂျီအီး၊ ဆောက်လုပ်ရေး၊ အထူးစီမံကိန်း(ဆောက်လုပ်ရေး)လုပ်ငန်းများ အတွက် ကြိုတင်ငွေလက်ကျန်ရှိစေကာမူ မှာ၊ ပေး၊ ကျန် ထောက်ခံချက် ထုတ်ပေးခြင်းမပြုရန်၊

(၂) အခြားအစိုးရဌာန၊ ပြည်သူနှင့် တည်ဆောက်ရေး လုပ်ငန်းများ အတွက် ရောင်းချရန် ကျန်သည်များကိုသာ မှာ၊ ပေး၊ ကျန် ထောက်ခံချက် ထုတ်ပေးရန်၊

(၃၃) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါအချက်များကို အလေးထားဆောင်ရွက်ကြရန်-

(၁) ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့များ ဖွဲ့စည်းထားရန်။

(၂) လုပ်ငန်းနှင့်(ပင်မစက်ရုံ)တွင် စက်ကိရိယာ၊ ဝိုင်းခုံများ၊ အကာအရံ၊ အဖုံး၊ဓါးသွားများစုံလင်စွာတပ်ဆင်ရန်နှင့် လိုအပ်သည့် သတိပေး စာတန်းများ ချိတ်ဆွဲရေးသားထားရန်။

(၃) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးချက်နှင့် လျှပ်စစ်ဓါတ်အားသုံးစွဲမှု စစ်ဆေးရေး အဖွဲ့တို့၏ သုံးသပ်အကြံပြုချက်များကို အလျှင်အမြန် ပြင်ဆင်ဆောင်ရွက်သွားရန်။

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လူ၏ ပေါ့ဆမှုကြောင့် အန္တရာယ်မဖြစ်ပွားစေရေး ဆွေးနွေး သွားရန်တို့ကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ထားရှိရန်။

**(စ) <u>သစ်လုံးရောင်းချခြင်းအပိုင်း</u>**

(၁) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ခွင့်ပြုချက်အရ ပြည်တွင်းသုံး သစ်လုံးများ ရောင်းချရန်ရှိလာပါက သစ်ထုတ်ရေး သစ်ဆိပ်များမှလည်းကောင်း၊ ပြည်တွင်းရောင်း/စက်သစ်စက်များမှလည်းကောင်း စနစ်တကျ ဆောင်ရွက်ရန်။

(၂) သစ်စက်များမှ သစ်လုံးများရောင်းချခြင်းရှိပါက သစ်လုံးဘိုးငွေပေးချေပြီးမှသာ သစ်လုံးများကို ထုတ်ပေးရန်။

(၃) သစ်ထုတ်ရေးသစ်ဆိပ်များမှ ရောင်းချခြင်းရှိပါက ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက် ဌာနသို့ ငွေပေးသွင်းပြီးကြောင်း အကြောင်းကြားမှသာ သစ်လုံးများကို ထုတ်ပေးရေး သက်ဆိုင်ရာ သစ်ထုတ်ရေးဒေသများနှင့် ညှိနှိုင်းထားရှိရန်။

(ဆ) **(အထူး)အိတ်ဖွင့်/အိတ်ဖွင့်တင်ဒါ၊အိတ်ဖွင့်လေလံစနစ်ဖြင့်သစ်လုံး/သစ်ခွဲသားရောင်းချခြင်းအပိုင်း**

(၁) တိုင်းဒေသကြီး/ပြည်နယ်၊ သစ်ထုတ်ရေးဒေသ/သစ်ဆိပ်/သစ်စက်များရှိ သစ်လုံး/ သစ်ခွဲသားများမှ အရည်အသွေးကောင်းမွန်သည့်သစ်များအား (အထူး)အိတ်ဖွင့် တင်ဒါ/အိတ်ဖွင့် တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အရည်အသွေးသင့်တင့်သော သစ်များအားအိတ်ဖွင့်လေလံစနစ်ဖြင့်လည်းကောင်း ရောင်းချရန်အတွက် လပ်ပုံထိုင်ခြင်းလုပ်ငန်း၊ လပ်ပုံစစ်ဆေးခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဓါတ်ပုံမှတ်တမ်းများ ပြုစုခြင်းတို့ ဆောင်ရွက်ပြီး ပြည်တွင်းရောင်း/စက်(ရုံးချုပ်)သို့ပေးပို့တင်ပြရန်။

(၂) ပြည်တွင်းရောင်း/စက်(ရုံးချုပ်)မှ (အထူး)အိတ်ဖွင့်တင်ဒါ/အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် သစ်လုံး/ ခွဲသားလပ်ပုံစာရင်းများစုစည်း၍ လေလံတင် ရောင်းချရန် စီစဉ်ပြီး လေလံကြော်ငြာ ဖြန့်ဝေခြင်း၊ လေလံတင်ရောင်းချမည့်ကြော်ငြာစာရင်းအား ကြိုတင်၍သတင်းစာတွင် ကြော်ငြာခြင်းများဆောင်ရွက်ရန်။ တိုင်းဒေသကြီး /ပြည်နယ်များတွင် အိတ်ဖွင့်လေလံ စနစ်ဖြင့်ရောင်းချမည့် သစ်လုံး/သစ်ခွဲသား များအတွက် ဦးဆောင်ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်အရ သက်ဆိုင်ရာဒေသ တွင် ဆောင်ရွက်ရန်။

(၃) ပြည်တွင်းရောင်း/စက်(ရုံးချုပ်)တွင် ကျင်းပပြုလုပ်သည့် (အထူး)အိတ်ဖွင့်တင်ဒါ/ အိတ်ဖွင့်တင်ဒါများ၌ သစ်တောဦးစီးဌာနမှ ခွင့်ပြုထား သည့် သစ်စက်/သစ်ဆိုင်/ သစ်အချောထည်နှင့် ပတ်သက်သည့် လုပ်ငန်းလိုင်စင်ရှိသူများ ဝင်ရောက်ယှဉ်ပြိုင် ခွင့်ရှိပြီး၊ တိုင်းဒေသကြီး/ပြည်နယ်များတွင်ကျင်းပပြုလုပ် သည့် အိတ်ဖွင့်လေလံ၌ မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းမဟုတ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံသားများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူခွင့်ပြုရန်။

(၄) ပြည်တွင်းရောင်း/စက်(ရုံးချုပ်)တွင် ကျင်းပပြုလုပ်သည့် သစ်လုံး/သစ်ခွဲသား (အထူး)အိတ်ဖွင့်တင်ဒါ/အိတ်ဖွင့်တင်ဒါအတွက် အောက်ဖော်ပြပါ စည်းကမ်းချက် အတိုင်း ဆောင်ရွက်ရန်-

(ကက) သစ်တောဦးစီးဌာနမှခွင့်ပြုထားသည့် သစ်စက်၊သစ်ဆိုင်၊ သစ်အချောထည် နှင့် ပတ်သက်သည့် လုပ်ငန်းလိုင်စင်ရှိသူများသာ PO သွင်းပြီး ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရှိသည်။ PO တစ်စောင် အတွက် ပေးသွင်းသူ(၂)ဦးသာ တင်ဒါ ခန်းမအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်။ တင်ဒါခန်းမအတွင်း ဝင်ရောက်၍ တင်ဒါဈေးနှုန်းတင်သွင်းလွှာတွင် လက်မှတ်ရေးထိုးမည့်သူ၏ အမည်နှင့် လက်မှတ်ကို ကြိုတင်၍ တင်ပြထားရမည်။ နိုင်ငံသားစိစစ်ရေးကတ်မူရင်း ယူဆောင်လာရမည်။ (တင်ဒါဝင်ရောက်ခွင့် ရပ်ဆိုင်းခြင်း ခံထားရသူများ အား ဝင်ရောက်ခွင့်မပြုပါ။)

(ခခ) လပ်ပုံများကို တင်ဒါဈေးနှုန်းတင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါလျှောက်လွှာ ပုံစံတွင်ဖြည့်စွက်၍ အောက်ဖော်ပြပါအတိုင်း သမာဓိ အာမခံကြေးငွေ (Earnest Money)ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သက်ဆိုင်ရာ ပြည်တွင်းရောင်း/စက်၊ မန်နေဂျာများသို့ "အာမခံချက်" (Payment Order)ဖြင့် ပေးသွင်းနိုင်ပါသည်-

<u>တင်ဒါတင်သွင်းသည့်ပမာဏ(တန်)</u> <u>သမာဓိအာမခံကြေးငွေ(ကျပ်)</u>

(၁) သစ်လုံး/ခွဲသား(၁)တန် မှ (၅၀) တန်အထိ ၂၅ သိန်း

(၂) သစ်လုံး /ခွဲသား(၅၁)တန် မှ (၂၀၀) တန်အထိ ၅၀ သိန်း

(၃) သစ်လုံး/ခွဲသား(၂၀၁)တန်နှင့်အထက် ၁၀၀ သိန်း

(ဂဂ) ပြည်တွင်းရောင်း/စက်(ရုံးချုပ်)၊ ရန်ကုန်တွင် "<u>အတွင်းရေးမှူး၊ တင်ဒါ ကျင်းပရေး ကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ရန်ကုန်</u>"အမည်ဖြင့် ရိုးမဘဏ် (ရုံးချုပ်) အောင်ဆန်းကွင်းတွင် လည်းကောင်း၊ မန္တလေးတွင် "<u>မန်နေဂျာ (မန္တလေးဒေသ)၊မြန်မာ့သစ်လုပ်ငန်း</u>"အမည်ဖြင့်ကမ္ဘောဇဘဏ်၊ အမရပူရ တွင်လည်းကောင်း၊ လမ်း(၈၀)ရှိ ကမ္ဘောဇဘဏ်ခွဲ(၁)တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်သမာဓိအာမခံကြေးငွေကို "အာမခံချက်" (Payment Order) ဖြင့် ပေးသွင်းနိုင်ပါသည်။ (ပြည်တွင်းရောင်း/စက် (ရုံးချုပ်)တွင် One Stop Services အနေဖြင့်တင်ဒါပွဲ မကျင်းပမီ (၂)ရက် နှင့် တင်ဒါပွဲကျင်းပပြီး(၂)ရက်အတွင်းPayment Order များလက်ခံခြင်း/ ပြန်လည် ထုတ်ပေးခြင်းများကို Myanmar Microfinance Bank (MMB) မှ ဆောင်ရွက်ပေးလျက်ရှိပါသည်)

(ဃဃ) တင်ဒါအတွက် PO ပေးသွင်းခြင်းအား တင်ဒါပွဲကျင်းပမည့်ရက်မတိုင်မီ (၂)ရက်အလိုတွင် နောက်ဆုံးထား၍ အပြီးပေးသွင်းရမည် ဖြစ်သည်။

(ငင) P O များ ပြန်လည်ထုတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်သည်-

(၁) တင်ဒါ မအောင်မြင်သူများအနေဖြင့် တင်ဒါပွဲ ကျင်းပပြီးနောက် (၂)ရက် မြောက်နေ့မှစ၍ ပြန်လည်ထုတ်ယူနိုင်ပါသည်။

(၂) တင်ဒါအောင်မြင်သူများအနေဖြင့် သက်ဆိုင်ရာ(ရောင်း/စက်ဌာနမှူး) / (ပြည်နယ်ရောင်း/စက်တာဝန်ခံ)၏ <u>ငွေအကျေပေးသွင်း၍ သစ် သယ်ယူပြီးကြောင်း</u> ထောက်ခံချက်ဖြင့်လည်းကောင်း၊ သစ်သယ်ယူ ရန်သတ်မှတ်ရက်ကျော်လွန်မှုရှိပါကပေးဆောင်ရမည့်ရက်လွန်ကြေး ပေးသွင်းပြီးကြောင်း ထောက်ခံချက်ဖြင့် လည်းကောင်း မိမိ P O ပေးသွင်းရာ ဒေသ/ရုံးချုပ် တို့တွင် ပြန်လည်ထုတ်ယူနိုင်ပါသည်။

(စစ) တင်ဒါပွဲ(၁) ကြိမ်လျှင် P O တစ်စောင် ပေးသွင်းမှုအတွက် (အထူး) အိတ်ဖွင့်တင်ဒါ/ အိတ်ဖွင့်တင်ဒါ (Special Open Tender/ Open Tender) တွင် တင်ဒါအောင်တန်ဘိုးငွေ ကျပ်သိန်း (၃၀၀၀) ထက်မပိုသော သစ်တန်ပမာဏကိုသာ တင်ဒါဆွဲဝယ်ယူခွင့်ပြုပါမည်။ ကျပ်သိန်း (၃၀၀၀) ထက်ပိုမို၍ ဈေးနှုန်းတင်သွင်းလာပါက၊ နောက်ဆုံးလပ်ပုံမှစ၍ ရှေ့တိုးပြီး အစဉ်အတိုင်း ကျပ်သိန်း(၃၀၀၀)ထိရောက်အောင် ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

(ဆဆ) တင်ဒါအောင်မြင်သူသည်တင်ဒါအောင်သစ်ဘိုးကျသင့်ငွေအားလုံးပေးသွင်းခြင်းကို တင်ဒါ အောင်မြင်သည့် နေ့မှစ၍ (၃၀)ရက်အတွင်း လည်းကောင်း၊ သယ်ယူခြင်းကို (၆၀)ရက်အတွင်းလည်းကောင်းပြီးပြတ်အောင်ဆောင်ရွက်ရမည်။ ငွေသွင်း(၃၀)ရက်နှင့် သယ်ယူခွင့် (၆၀)ရက် ပြည့်သည့်နေ့သည် စနေ၊ တနင်္ဂနွေ အစိုးရ ရုံးပိတ်ရက်များ ဖြစ်ပါက ယင်းနေ့မတိုင်မီ အပြီး ဆောင်ရွက်ရမည်ဖြစ်ပြီး ရက်တိုး လုံးဝ (လုံးဝ) ခွင့်မပြုပါ။

(ဇဇ) တင်ဒါအောင် သစ်ဘိုး ကျသင့်ငွေပေးသွင်းရာ၌ သမာဓိအာမခံကြေးငွေ (Earnest Money) မှ ခုနှိမ်ပေးသွင်းခြင်း မပြုရပါ။ ငွေပေးသွင်းမှုအား လပ်ပုံအလိုက် တစ်ကြိမ်တည်းဖြင့် အပြီး အပြတ်ပေးသွင်းရမည်။

(ဈဈ) သတ်မှတ်ရက်အတွင်း ငွေအကျေအလည်ပေးသွင်းခြင်းမရှိပါက အောက်ပါအတိုင်း ဆောင်ရွက် သွားမည်ဖြစ်သည်-

(၁) ဘဏ္ဍာနှစ်အတွင်း <u>ပထမအကြိမ်</u> ပျက်ကွက်ပါက သမာဓိအာမခံကြေးငွေအား သိမ်းယူခြင်း၊ မြန်မာ့သစ်လုပ်ငန်း၏ သစ်လုံး/ ခွဲသား တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့် (၆)လရပ်ဆိုင်းခြင်း၊

(၂) ဘဏ္ဍာနှစ်အတွင်း <u>ဒုတိယအကြိမ်</u> ပျက်ကွက်ပါက သမာဓိအာမခံကြေးငွေအား သိမ်းယူခြင်း၊ မြန်မာ့သစ်လုပ်ငန်း၏ သစ်လုံး/ခွဲသား တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်(၁)နှစ် ရပ်ဆိုင်းခြင်း၊

(ညည)ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများကို မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ဝယ်ယူသူများသည် ဈေးပေးယှဉ်ပြိုင်ဝယ်ယူမည့်လပ်ပုံနှင့်သက်ဆိုင်သည့် သစ်အမျိုးအစား၊ သစ် အတန်းအစား၊ အတိုင်းအတာနှင့် တန်ပမာဏတို့အား စစ်ဆေး လက်ခံပြီး ဖြစ်သည်ဟု မြန်မာ့သစ်လုပ်ငန်းမှ မှတ်ယူပါသည်။ သို့ဖြစ်၍ ဈေးပေးအောင်မြင်ပြီးသည့် လပ်ပုံများနှင့်စပ်လျဉ်း၍နောက်ပိုင်းကွဲလွဲမှုများအားတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(ဋဋ) မြန်မာ့သစ်လုပ်ငန်း၏ သစ်ဆိပ်/သစ်စက်များရှိ တင်ဒါအောင်မြင်သောသစ်လုံး/ခွဲသားများ သယ်ယူရာတွင် ဝယ်ယူသူမှ မိမိအစီအစဉ်ဖြင့် သယ်ယူဆောင်ရွက်ရမည်ဖြစ်သည်။

(ဋဋ) တင်ဒါအောင်မြင်သူအနေဖြင့်တင်ပြသော သယ်ယူလိုသည့်ဒေသလိပ်စာ (ကန့်သတ်ထားသော ဒေသများမှလွဲ၍)ဖြင့် ပြေစာများ ဖွင့်လှစ်ပေးမည် ဖြစ်သည်။ ပြေစာပါလိပ်စာ ပြောင်းလဲလိုပါက သက်ဆိုင်ရာ (ရောင်း/စက် ဌာနမှူး)/(ပြည်နယ်ရောင်း/စက်တာဝန်ခံ)များသို့ ဆက်သွယ်ဆောင်ရွက် ရမည် ဖြစ်သည်။ သစ်လုံးများခွဲစိတ်ခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တောဥပဒေနှင့် အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဍဍ) တင်ဒါအောင်မြင် ဝယ်ယူခွင့်ပြုပြီးသည့် လပ်ပုံများနှင့်ပတ်သက်၍ <u>အမည်ပြောင်း</u> လျှောက်ထားလိုပါက ပြည်တွင်းရောင်း/စက်(ရုံးချုပ်)သို့ လျှောက်ထားရမည်။ ငွေအကျေပေးသွင်း ပြီးသောလပ်ပုံများကိုသာ အမည် ပြောင်းလဲခွင့်ပြုမည်ဖြစ်သည်။

(ဎဎ) တင်ဒါအောင်မြင်၍ ငွေအကျေပေးသွင်းဝယ်ယူပြီး လပ်ပုံများအတွက် ဝယ်ယူသူ၏ အစီအစဉ်ဖြင့်သာ တာဝန်ယူထိန်းသိမ်းရမည်။ ရန်သူမျိုး ငါးပါးဖျက်ဆီးမှုအန္တရာယ်ကိုမြန်မာ့သစ်လုပ်ငန်းမှတာဝန်ယူမည်မဟုတ်ပါ။

(ဏဏ)သတ်မှတ်ကာလအတွင်း သယ်ယူခြင်းမရှိပါက လပ်ပုံ(၁)ပုံအတွက် (၁)ရက်လျှင် ကျပ် (၅,၀၀၀/-)နှုန်း (ကျပ်-ငါးထောင်တိတိ)နှုန်းဖြင့် ရက်လွန်ကြေးပေးဆောင်ရမည်။

(တတ) မည်သည့်လပ်ပုံရောင်းချမှုကိုမဆို မြန်မာ့သစ်လုပ်ငန်းအနေဖြင့်အကြောင်း တစ်စုံတစ်ရာ ဖော်ပြရန်မလိုဘဲ ပယ်ဖျက်ရုပ်သိမ်းနိုင်သည်။

(၅) သစ်လုံး/သစ်ခွဲသားများ လေလံတင်ရောင်းချရာတွင် ဖွဲ့စည်းသတ်မှတ်ထားသည့် လေလံကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီနှင့်လေလံကျင်းပရေးကော်မတီဖြင့် ဆောင်ရွက်ရန်။

(၆) ကြမ်းခင်းဈေး သတ်မှတ်ရေး ကော်မတီမှ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ကြိုတင်၍ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ရန်။

(၇) (အထူး)အိတ်ဖွင့်တင်ဒါ/အိတ်ဖွင့်တင်ဒါပွဲကျင်းပရာ၌ လေလံအောင်မြင်သူသို့ယင်း လေလံအောင်မြင်သော လပ်ပုံစာရင်း(တန်/ဈေးနှုန်း)အားလက်မှတ်ရေးထိုးစေ၍ မှတ်တမ်းတင်ထားရှိရန်။

(၈) (အထူး)အိတ်ဖွင့်တင်ဒါ/အိတ်ဖွင့်တင်ဒါအောင်မြင်သော သစ်လုံး/ခွဲသားလပ်ပုံများ စာရင်းအား လေလံကော်မတီဝင်များ လက်မှတ်ရေးထိုးပြီး အထွေထွေမန်နေဂျာ (ပြည်တွင်းရောင်း)မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ဒေသ/ သစ်စက် အသီးသီးသို့ အကြောင်းကြားရန်။

(၉) သက်ဆိုင်ဒေသ/သစ်စက်များတွင် ဈေးပြိုင်လေလံအောင်စာရင်းအရ လေလံ အောင်မြင်သူမှ ပေးသွင်းသောသင့်ငွေအား လက်ခံခြင်း၊ သက်ဆိုင်ရာဘဏ် (သက်ဆိုင်ရာစာရင်း)သို့ငွေပေးသွင်းခြင်း၊ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနသို့လွှဲပို့ခြင်း များဆောင်ရွက်ပြီးငွေပေးသွင်းပြီးမှုအခြေအနေအားပြည်တွင်းရောင်း/စက်(ရုံးချုပ်) သို့ တင်ပြရန်။

(၁၀) သစ်လုံး/သစ်ခွဲသားများအားလေလံစနစ်ဖြင့်ရောင်းချရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ရန်။

(၁၁) စည်းကမ်းသတ်မှတ်ချက်အတိုင်းဒေသ/သစ်စက်များမှငွေပေးသွင်းရန်၊ သယ်ယူရန်တို့ကို ကြီးကြပ်ပြီးသတ်မှတ်ရက်ထက်ကျော်လွန်သူများစာရင်းအားလပ်ပုံများနှင့်တကွ ပြည်တွင်းရောင်း/စက်(ရုံးချုပ်)သို့ တင်ပြရန်။

(၁၂) အဆိုပါတင်ပြလာခြင်းအရ သတ်မှတ်ရက်အတွင်းငွေပေးသွင်းရန် ပျက်ကွက်သူများကို လေလံဝင်ရောက်ယှဉ်ပြိုင်ခွင့်အား (၁)နှစ်ရပ်စဲခြင်း၊ ပေးသွင်းပြီးသည့်သမာဓိအာမခံကြေးငွေအားသိမ်းယူခြင်း၊ ငွေပေးသွင်းရန်ပျက်ကွက်သည့်လပ်ပုံများအား သိမ်းယူ၍ နောင်လေလံများတွင် ပြန်လည်ထည့်သွင်းရောင်းချခြင်းများအား ပြည်တွင်းရောင်း/စက်(ရုံးချုပ်)မှ ဆောင်ရွက်ရန်။

(၁၃) အရည်အသွေးသင့်တင့်သောသစ်များအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်းအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့တင်ပြပြီး စီစဉ်ဆောင်ရွက်ရန်။

(၁၄) အရည်အသွေးသင့်တင့်သောသစ်များအားအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်းအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့တင်ပြပြီး စီစဉ်ဆောင်ရွက်ရန်။

(၁၅) အရည်အသွေးသင့်တင့်သောသစ်များအားအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်းအတွက် အောက်ဖော်ပြပါ စည်းကမ်းချက်အတိုင်း ဆောင်ရွက်ရန်-

(ကက) သစ်လုံး/သစ်ခွဲသား အတို/အသေး/ရွေးကျန်များကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(ခခ) မြန်မာ့သစ်လုပ်ငန်းမှဝန်ထမ်းမဟုတ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံသားများသာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရှိသည်။

(ဂဂ) အိတ်ဖွင့်လေလံ အောင်မြင်ထားသော သစ်လုံး/သစ်ခွဲသားများအား အချောထည်အဖြစ် ခွဲစိတ် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့လိုပါက အောက်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(၁) ခွဲစိတ်ပြုပြင်ထုတ်လုပ်သော အချောထည်များကို သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးပြီး မှန်ကန်ပါက သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်းထောက်ခံချက်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်။

(၂) သစ်အလုံးလိုက် ပြည်ပတင်ပို့ခွင့် မပြုပါ။

(ဃဃ) လေလံလပ်ပုံများကို လေလံဈေးနှုန်း တင်သွင်းလိုသူသည် သတ်မှတ်ထားသော လေလံလျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ သမာဓိအာမခံကြေးငွေ (Earnest Money)အား ပြည်နယ်/ တိုင်း/ဒေသ/သစ်စက်ကြီး မန်နေဂျာသို့ လွှဲပြောင်းထုတ်ယူနိုင်ရန် ဖော်ပြထားသည့် အာမခံ “ချက်” (Payment Order) ဖြင့် သတ်မှတ်ရက်အတိုင်း ကြိုတင်ပေးသွင်းရမည်။

(ငင) လေလံမအောင်မြင်သူအား လေလံဖွင့်သည့်နေ့မှ (၇)ရက်အတွင်း အာမခံ "ချက်" (Payment Order )များ ပြန်လည်ထုတ်ပေးမည်။

(စစ) သာမန်အားဖြင့် ကြမ်းခင်းဈေးဖြင့်ကျော်လွန်သော အမြင့်ဆုံးဈေးနှုန်း ပေးသွင်းသူအား ရောင်းချမည်။ အိတ်ဖွင့်လေလံ ဖွင့်လှစ်သည့်အခါ လပ်ပုံ တစ်ပုံအတွက် ကြမ်းခင်းဈေးထက်ပိုမိုတင်သွင်းထားသော လေလံဈေးနှုန်း များ တိုက်ဆိုင်တူညီနေပါက တူညီသူတို့အား မဲစနစ်ဖြင့် မဲနှိုက်ခိုင်းပြီး မဲ ပေါက်သူအား အောင်မြင်သူအဖြစ် သတ်မှတ်ရောင်းချပါမည်။

(ဆဆ) လေလံအောင်မြင်သူသည် ကျသင့်ငွေအားလုံးကို လေလံအောင်မြင်သည့် နေ့မှ (၃၀)ရက်အတွင်း သက်ဆိုင်ရာ တိုင်း/ဒေသ/သစ်စက်ကြီးများတွင် အပြီးပေးသွင်းရမည်။

(ဇဇ) သတ်မှတ်ရက်အတွင်း ငွေအကြေအလည် ပေးသွင်းခြင်း မပြုသူအား သစ်လုံး/သစ်ခွဲသား ဝယ်ယူခွင့်ကို ဖျက်သိမ်းကာ ပေးသွင်းပြီးဖြစ်သည့် သမာဓိအာမခံကြေးငွေအားလုံးကို မြန်မာ့သစ်လုပ်ငန်းပိုင်အဖြစ် သိမ်းယူ မည် ဖြစ်သည်။

(ဈဈ) လေလံအောင်မြင်ပြီး၍ ငွေအကျေပေးသွင်းပြီး လပ်ပုံများအား ရက်(၆၀) အတွင်း ပြီးပြတ် ကုန်စင်အောင် သယ်ယူရမည်ဖြစ်ပါသည်။

(ညည)မြေပြင်အခက်အခဲရှိ၍ အကြောင်းအမျိုးမျိုးကြောင့် သယ်ယူရန် သတ်မှတ် ရက်ထက် ကျော်လွန် ခြင်းများအား သက်ဆိုင်ရာ(ရောင်း/စက် ဌာနမှူး)/ (ပြည်နယ်ရောင်း/စက်တာဝန်ခံ)များမှ စီစစ်ပြီး မူလသတ်မှတ်ရက်ထက် (၁၅)ရက်အထိသာ ထပ်တိုး ခွင့်ပြုပေးနိုင်ပါသည်။ (ထပ်တိုးခွင့်ပြုရက် ထက်ကျော်လွန်၍ သယ်ယူခြင်းမပြုနိုင်သော လပ်ပုံများကို လပ်ပုံ(၁)ပုံ အတွက် (၁)ရက်လျှင်ကျပ်(၃,၀၀၀/-)နှုန်း (ကျပ်-သုံးထောင်တိတိ)နှုန်းဖြင့် ရက်လွန်ကြေး ပေးဆောင်ရမည်။)

(ဋဋ) အထက်အပိုဒ်(ညည)ဖြင့် သက်ဆိုင်ရာ (ရောင်း/စက်ဌာနမှူး)/ (ပြည်နယ် ရောင်း/စက်တာဝန်ခံ) များမှ သယ်ယူရက်ထပ်တိုးခွင့်ပြု ထားပြီးဖြစ်သော (ကျွန်း/သစ်မာ) သစ်လုံး/သစ်ခွဲသား လပ်ပုံများအတွက် ရက်လွန်ကြေး ကင်းလွတ်ခွင့်ပြုရန် (သို့မဟုတ်) သယ်ယူရက် ထပ်မံ တိုးမြင့်ခွင့်ပြုရန် အသနားခံလျှောက်ထားခြင်းများကိုပြည်တွင်းရောင်း/စက်(ရုံးချုပ်)မှ လုံးဝ လက်ခံခွင့်ပြုမည်မဟုတ်ပါ။

(ဌဌ) လေလံလပ်ပုံ(၁)ပုံကို တစ်ကြိမ်တည်းဖြင့် အပြီးထုတ်ယူရမည်။

(ဍဍ) လေလံအောင်မြင်သူအနေဖြင့်တင်ပြသော သယ်ယူလိုသည့်ဒေသလိပ်စာ (ကန့်သတ်ထားသော ဒေသများမှလွဲ၍)ဖြင့် ပြေစာများဖွင့်လှစ်ပေးမည် ဖြစ်သည်။ ပြေစာပါလိပ်စာပြောင်းလဲလိုပါက သက်ဆိုင်ရာ (ရောင်း/စက်ဌာနမှူး)/ (ပြည်နယ်ရောင်း/စက်တာဝန်ခံ)များသို့ ဆက်သွယ်ဆောင်ရွက်ရမည် ဖြစ်သည်။ သစ်လုံးများခွဲစိတ်ခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တော ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဎဎ) လေလံအောင်မြင် ဝယ်ယူခွင့်ပြုပြီးသည့် လပ်ပုံများနှင့် ပတ်သက်၍ <u>အမည်ပြောင်း</u> လျှောက်ထားလိုပါက သက်ဆိုင်ရာ (ရောင်း/စက်ဌာနမှူး)/ (ပြည်နယ်ရောင်း/စက်တာဝန်ခံ) များထံ လျှောက်ထားရမည်။ ငွေအကျေပေးသွင်းပြီးသော လပ်ပုံများကိုသာ အမည်ပြောင်းလဲ ခွင့်ပြုမည်ဖြစ်သည်။

(ဏဏ)လေလံအောင်မြင်၍ ငွေအကျေပေးသွင်း ဝယ်ယူပြီး လပ်ပုံများအတွက် ဝယ်ယူသူ၏ အစီအစဉ်ဖြင့်သာ တာဝန်ယူထိန်းသိမ်းရမည်။ ရန်သူမျိုးငါးပါးဖျက်စီးမှုအန္တရာယ်ကိုမြန်မာ့သစ်လုပ်ငန်းမှတာဝန်ယူမည်မဟုတ်ပါ။

(တတ)ဝယ်ယူသူမှ လပ်ပုံများကိုသယ်ယူရန် အလုပ်သမားသုံးစွဲမှုအတွက် သစ်စက်မှ လပ်ပုံထိုင် လုပ်သားများကို သတ်မှတ်နှုန်းပေးချေ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ထထ)မည်သည့် လပ်ပုံ လေလံရောင်းချမှုကိုမဆို မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အကြောင်းတစ်စုံတစ်ရာ ဖော်ပြရန်မလိုပဲ ပယ်ဖျက်ရုတ်သိမ်းနိုင်သည်။

**(ဓ) <u>သတ-ဖ(ဖမ်းဆီးသစ်)များ လက်ခံဆောင်ရွက်ခြင်းအပိုင်း</u>**

(၁) သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိပြီး သစ်ထုတ်ရေးဌာနမှတဆင့် ပြည်တွင်းရောင်း/စက်ဌာန၊ တိုင်းဒေသကြီး/ပြည်နယ်/ဒေသ/သစ်စက်အသီးသီးသို့ လွှဲအပ်လာသည့် သတ-ဖ သစ်လုံး/ခွဲသားများအား လက်ခံ၍ ပြည်တွင်းရောင်း/စက်(ရုံးချုပ်)သို့ တင်ပြရန်။

(၂) သစ်အရည်အသွေးအလိုက် (အထူး)အိတ်ဖွင့်တင်ဒါ/ အိတ်ဖွင့်တင်ဒါ/ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချရေး သတ်မှတ်ဆောင်ရွက်ရန်။

(၃) ခွဲစိတ်ရန် လိုအပ်ပါက ပြည်တွင်းရောင်း/စက် (ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ရန်။

(၄) ပြည်တွင်းရောင်း/စက်(ရုံးချုပ်)၏ ခွင့်ပြုချက်ဖြင့်သာ ခွဲစိတ်ခြင်း ၊ လေလံတင်ရောင်းချခြင်းများ ဆက်လက်ဆောင်ရွက်ရန်။

(၅) ဖမ်းဆီးသစ်များနှင့်ပတ်သက်၍ ၁.၁၂.၂၀၁၆ ရက်နေ့မှစပြီး နိုင်ငံခြားတင်ပို့ရန်ခွင့်မပြုတော့ပဲ ပြည်တွင်းသုံးအဖြစ်သာ ရောင်းချခွင့်ပြုရန်။

**(ဈ) <u>အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းခြင်းအပိုင်း</u>**

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ရောင်းချလျှက်ရှိသော သစ်လုံး/သစ်ခွဲသားများ၏ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာန သို့ ပေးသွင်းရန်။

၂။ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် အထက်ဌာန ညွှန်ကြားမှုများရှိလာပါက ညွှန်ကြားချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သစ်စက်များဖျက်သိမ်းရန် ပေါ်ပေါက်လာပါက အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ဖျက်သိမ်းမည့်သစ်စက်ရှိ စက်ပစ္စည်းများအား အသုံးပြုရန် လိုအပ်သော ဒေသ/ သစ်စက်များသို့ လွှဲပြောင်းပေးပြီး အသုံးပြုရန်မလိုတော့သည့် "စက်ပစ္စည်းနှင့် အဆောက်အဦ" များအား အင်ဂျင်နီယာဌာနနှင့်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရှင်းလင်း ဆောင်ရွက်ရန်။

(ခ) မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု ရှင်းလင်းသော သစ်စက်၏ "မြေ" များအတွက် လမ်းညွှန်ချက်များနှင့်အညီ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ပိုင်ဆိုင်မှုရှင်းလင်းခြင်းမရှိသည့်မြေများအတွက် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဂ) ဝန်ထမ်းများနှင့် ပတ်သက်၍လည်း ဌာန၏ လိုအပ်ချက်အရ ဒေသ / သစ်စက်များသို့ ပြောင်းရွှေ့ ပေးရေး တင်ပြဆောင်ရွက်ပြီးနောက် ပြောင်းရွှေ့လိုခြင်းမရှိသော ဝန်ထမ်းများအား ယင်းတို့၏ သဘောဆန္ဒအရ လုပ်ထုံးလုပ်နည်းနှင့်အညီ ခံစားခွင့်ရှိသည့် ပင်စင်ခံစား ခွင့်ပြုခြင်းများ ဆောင်ရွက်ရန်။

(ဃ) စနစ်တကျဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းရှင်းလင်းနိုင်ရေးဆောင်ရွက်ရန်။

## မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ

၁။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ခွင့်ပြုသော ဒေသဖွံ့ဖြိုးရေး၊ တပ်မတော်တည်ဆောက်ရေး၊ သာသနိကအဆောက်အဦ ဆောက်လုပ်ရေး လုပ်ငန်း၊ မီးရထားဇလီဖား နှင့် ပြည်သူများအတွက် သစ်ခွဲသားရောင်းချပေးခြင်း၊

၂။ အပိုဒ်(၁)ဖော်ပြပါ လုပ်ငန်းများအတွက် ရောင်းချပေးပြီးနောက် ကျန်ရှိ သစ်ခွဲသားများအား ဒေသတွင်း အိတ်ဖွင့်လေလံ ဆောင်ရွက်ပေးခြင်း၊

၃။ တိုင်းဒေသကြီး / ပြည်နယ်များတွင် ဖမ်းဆီးရမိသော (သတ-ဖ)သစ်မာသစ်လုံး/ခွဲသားများမှ အရည်အသွေးသင့်တင့်သော သစ်လုံး/ခွဲသားများကို ဒေသတွင်းအိတ်ဖွင့်လေလံဆောင်ရွက်ပေးခြင်း၊ ဌာနထုတ် သာမန်သစ်လုံးများမှ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သင့်တင့်သော တန်ပမာဏ အား ဒေသတွင်း အိတ်ဖွင့်လေလံဆောင်ရွက်ပေးခြင်း၊

၄။ သဘာဝဘေးအန္တရာယ် ကျရောက်လာခြင်းများ ရှိပါကလည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ သစ်လိုအပ်ချက်အတွက် ပြည်တွင်းရောင်း/စက်(ရုံးချုပ်)မှတဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခွင့်ပြုချက် ရယူ၍ ရောင်းချပေးခြင်း။